# အမိန့်အမှတ် ၃/၈၉

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်

## (အမိန့်အမှတ် ၃/၈၉)

၁၃၅၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
(၁၉၈၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

၁။ ယနေ့တပ်မတော်မှ နိုင်ငံတော်အာဏာကို ရယူထားသည့် ကာလသည် မာရှယ်လော (MARTIAL LAW) ကာလဖြစ်သည်ကို ပြည်သူတစ်ရပ်လုံး သိရှိပြီးဖြစ်သည်။

၂။ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေး ကောက် ပွဲ တွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမည့် နိုင်ငံရေးပါတီများသည် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ခဲ့ကြသည်။ အခြားသော လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများသည်လည်း ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ခဲ့ကြသည်။ ၁၉၈၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့၌ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်တွင် မှတ်ပုံတင်ခဲ့သော နိုင်ငံရေးပါတီပေါင်း (၂၃၆) ဖွဲ့ရှိပြီး ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းပေါင်း (၅၇) ဖွဲ့ ရှိနေပြီဖြစ်သည်။

၃။ ဤကဲ့သို့ ဥပဒေနှင့်အညီ မှတ်ပုံတင်ခဲ့ကြသော အဖွဲ့အစည်းများရှိသော်လည်း နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာရေးကို ထိခိုက်စေရန် ကြံဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အစိုးရအား ဆန့်ကျင်အာဏာဖီဆန်သည့် သဘောဖြင့် လည်းကောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်နှင့် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနတို့တွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ တရားမဝင်ဖွဲ့စည်းပြီး စာရွက်၊ စာတမ်း၊

စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာများကို တရားမဝင် ထုတ်ဝေလျက်ရှိသော အဖွဲ့အစည်းများ ရှိနေကြသည်။ ယင်းအဖွဲ့အစည်းပေါင်း (၄၈) ဖွဲ့ရှိပြီး စာရင်းကို ပူးတွဲ ဖော်ပြထားသည်။

၄။ ထို့အပြင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ ရေးကော်မရှင်တွင်လည်းကောင်း၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဌာနတွင် လည်းကောင်း မှတ်ပုံတင်ခြင်းမပြုဘဲ ဖွဲ့စည်း စည်းရုံးလှုပ်ရှား ခြင်း၊ စာရွက်၊ စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာများ တရားမဝင် ထုတ်ဝေခြင်း ပြုလုပ်လျက်ရှိသော ကျောင်းသားအမည်ခံသည့် အဖွဲ့အစည်း (၅၁) ဖွဲ့ ရှိနေသည်ကိုတွေ့ရှိရသည်။

၅။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် တွင် လည်း ကောင်း၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန် ကြီး ဌာ န တွင် လည်းကောင်း တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့် အဖွဲ့အစည်းများသည် စာရွက်၊ စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာများ ထုတ်ဝေခြင်းပြုလုပ် မည်ဆိုပါက ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေနှင့်အညီ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံ တင်ပြီး ထုတ်ဝေလိုသည့် စာရွက်၊ စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာ များအတွက် ကင်းလွတ်ခွင့်လျှောက်ထားရမည်။ ကင်းလွတ်ခွင့် ရရှိပြီး နောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဆင့်ဆင့်တို့အား ဆန့်ကျင်မှု၊ နိုင်ငံတော်အစိုးရ အား ဆန့်ကျင်မှု၊ တပ်မတော်အား ထိပါးပုတ်ခတ်သွေးခွဲမှု၊ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုထိပါးစေရန် သွေးထိုးလှုံ့ဆော်မှု၊ လိုအပ် ချက်အရ ထုတ်ပြန်ထားသည့်အမိန့်များအား ဆန့်ကျင်မှု ပါဝင်ခြင်း မရှိ စေဘဲ ရွေးကောက်ပွဲတွင် မိမိတို့ပါတီအနိုင်ရရှိရေးအတွက် မိမိတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လမ်းစဉ်၊ လုပ်ငန်းစဉ်၊ စည်းရုံးရေးနည်းလမ်း၊ စောင့်ထိန်းလိုက်နာရမည့်စည်းကမ်းများပါရှိသည့် စာရွက်၊ စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာများကို ကြိုတင်စိစစ်ရန် တင်ပြခြင်းမပြုဘဲ ထုတ်ဝေနိုင်မည်ဖြစ်သည်။

၆။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်တွင်လည်းကောင်း၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန တွင်လည်းကောင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ တရားမဝင် ဖွဲ့စည်း စည်းရုံးလှုပ်ရှားပြီး စာရွက်၊ စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေ စာများကို တရားမဝင်ထုတ်ပြန်နေသော အဖွဲ့အစည်းများအား ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူမည်ဖြစ်သည်။

၇။ နိုင်ငံတော်အစိုးရ၏ သတိပေးတားမြစ်ခြင်းကို ဆန့်ကျင်လိုစိတ်ဖြင့် အာဏာဖီဆန်မှုပြုလုပ်ပါမူ မာရှယ်လော (MARTIAL LAW) အရ၊ အာဏာစက်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းသတိပေးသည်။

(ပူးတွဲစာရင်း)

## နိုင်ငံတော်အား ဆန့်ကျင်နေသည့် တရားမဝင် အသင်းအဖွဲ့အစည်းများ

၁။ ကြယ်စိမ်းလူငယ်များ
၂။ စစ်အစိုးရဆန့်ကျင်ရေးအဖွဲ့ချုပ်
၃။ ဒီမိုကရေစီ ပြည်သူ့တပ်ပေါင်းစု
၄။ ဒီမိုကရေစီ တော်လှန်ရေးကော်မတီ
၅။ ဒီမိုကရေစီ ရှေ့ဆောင်လူငယ်တပ်ဦး
၆။ ဒေါင်းဇာနည် (ဗမာပြည်)
၇။ နိုင်ငံရေးဖောက်ပြန်မှု တိုက်ဖျက်ရေးအဖွဲ့ချုပ်
၈။ ပြည်သူ့တိုက်ပွဲဝင်တပ်ဖွဲ့ (မြန်မာနိုင်ငံ)
၉။ ပြည်သူ့မျိုးချစ် ပျောက်ကြားတပ်ဖွဲ့
၁၀။ ပြည်သူ့ညီညွတ်ရေး ဒီမိုကရက်တစ်တပ်ဦး
၁၁။ ပြည်သူတို့၏ အမျိုးသားလွတ်မြောက်ရေးတပ်ဦး
၁၂။ ပြည်သူ့လက်ရုံးအဖွဲ့
၁၃။ ပြည်ပရောက် ဒီမိုကရက်တစ် ပျောက်ကြားတပ်ဦး
၁၄။ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့
၁၅။ ဗမာ့မျိုးချစ်သွေးသောက်တော်လှန်ရေးတပ်ဦး
၁၆။ ဗမာပြည် ပြည်သူ့လွတ်မြောက်ရေး လူငယ်တပ်ဦး
၁၇။ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂများ အဖွဲ့ချုပ်
၁၈။ ဗမာ့တော်လှန်ရေးအင်အားစု
၁၉။ ဗမာပြည်မြေအောက်လူငယ်များအစည်းအရုံး

၂၀။ မြန် မာ နိုင် ငံ လုံး ဆိုင် ရာ ပြည်သူ့အလုပ်သမားများ ဆွေးနွေး ညီညွတ်ရေး အဖွဲ့ချုပ်

၂၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီစောင့်ရှောက်ရေးအဖွဲ့

၂၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ စာမေးပွဲသပိတ်မှောက် သံဃာတော်များ အဖွဲ့ (မန္တလေး)

၂၃။ မျိုးချစ်လူငယ်များ

၂၄။ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂ

၂၅။ မြန်မာနိုင်ငံ လူငယ်အင်အားစု

၂၆။ မျိုးချစ်ဒီမိုကရက်တစ်လူငယ်တပ်ပေါင်းစု

၂၇။ မြေအောက်လူငယ်များဝါဒဖြန့်ချိရေးအဖွဲ့

၂၈။ မျိုးချစ်တော်လှန်ရေးအဖွဲ့ချုပ်

၂၉။ မျိုးချစ်လွတ်မြောက်ရေးတပ်ဖွဲ့

၃၀။ မြန်မာနိုင်ငံအမျိုးသားစည်းလုံးညီညွတ်ရေးအင်အား

၃၁။ မြန်မာနိုင်ငံဒီမိုကရေစီပြန်လည်တည်ဆောက်ရေးအဖွဲ့

၃၂။ ရဟန်းပျိုများသမဂ္ဂ

၃၃။ လွတ်လပ်ရေးတိုက်ပွဲဝင်သူများအဖွဲ့ (မြန်မာပြည်)

၃၄။ လူငယ်မျိုးဆက်သစ်အဖွဲ့

၃၅။ လူငယ်ရဲညွန့်အဖွဲ့

၃၆။ လူငယ်တပ်ပေါင်းစု

၃၇။ လူငယ်ညီညွတ်ရေးတပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံ)

၃၈။ အမျိုးသားလွတ်မြောက်ရေး အင်အားစု

၃၉။ အမျိုးသားဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေးအဖွဲ့

၄၀။ အမျိုးသားတပ်ပေါင်းစု စစ်ကော်မရှင်

၄၁။ အမျိုးသားလွတ်မြောက်ရေးတပ်ဦး

၄၂။ အထက်မြန်မာနိုင်ငံ လူငယ်အဖွဲ့ချုပ်၊ မန္တလေးမြို့

၄၃။ အာဏာရှင်ဆန့်ကျင်ရေးတပ်ဦး

၄၄။ တိုးတက်သော လူငယ်များအဖွဲ့၊ တနင်္သာရီတိုင်း (?) 

၄၅။ သွေးသစ်တပ်မတော် လူငယ်များအဖွဲ့၊ ဗမာပြည်

၄၆။ အောင်ဆန်းမြေးများအဖွဲ့ချုပ်၊ မြန်မာပြည်

၄၇။ အောင်ဘိအက်စ်ဒီအေ

၄၈။ အမျိုးသားကွန်ဂရက်၊ ရှမ်းပြည်နယ်